မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

May 6, 2024 Volume 78, Number 3

၆.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၁၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၁.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၄.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၁.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၁.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၁၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၆၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၈၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၀၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၄၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအမိကထား အသုံးပြု၍ ကော်ဖီစိုက်ဧကများ တိုးချဲ့ စိုက်ပျိုးသွားမည်



မြန်မာ့ကော်ဖီကို လက်ရှိဈေးကွက်အပြင် ဈေးကွက်အသစ်သို့ တင်ပို့ရောင်းနိုင်ရန် အဆိုပြုဖိတ်ခေါ်လာတာကြောင့် ပြည်တွင်းကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်သည်။

လက်ရှိမှာ Arabica ကော်ဖီ ဧက ၄၀၀၀၀ ခန့်နှင့် Robusta ကော်ဖီဧက ၁၀,၀၀၀ ခန့် စိုက်ပျိုးလျက်ရှိရာ နှစ်စဉ်ကော်ဖီတန်ချိန် ၅၀၀၀ ကျော်ကို ပြည်ပသို့တင်ပို့နေသည်။

ကမ္ဘာပေါ်တွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်တင်ပို့သည့်နိုင်ငံများမှာ မြန်မာနိုင်ငံ အပါအဝင် ၇၅ နိုင်ငံတင်ပို့လျက်ရှိရာ မြန်မာ့ကော်ဖီသည် အနံ့အရသာနှင့် အရည်အသွေးပိုင်းမှာ ထိပ်တန်းအဆင့်မြင့်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်မှာ နာမည်ကောင်းရရှိနေတာဖြစ်သည်။

ကော်ဖီသည် ကမ္ဘာ့ဈေးကွက်မှာ ရောင်းသူပမာဏ ဒုတိယအများဆုံးဖြစ်ခြင်းကြောင့် မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ အမြောက်အမြားတင်ပို့နိုင်ရန် ကော်ဖီ

စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရန် ကော်ဖီလုပ်ငန်းလုပ်ကိုင်လိုသူများ ဖိတ်ခေါ်ကာ ဆောင်ရွက်နေခြင်းဖြစ်သည်။

လက်ရှိမှာ မြန်မာ့ကော်ဖီကို တရုတ်၊ ထိုင်း၊ အမေရိကန်၊ နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ ပြင်သစ်၊ ဂျာမဏီ၊ ဘယ်ဂျီယံနှင့်ဆွစ်ဇာလန်နိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

၂၀၂၂-၂၀၂၃ ခုနှစ် ကော်ဖီ စိုက်ပျိုးမှုစာရင်းများအရ မြန်မာတစ်နိုင်ငံလုံးတွင် ကော်ဖီဧက ၅၀,၀၀၀ ကျော် စိုက်ပျိုးလျက်ရှိရာ ပြည်ပပို့ကုန်ကဏ္ဍတိုးတက်နိုင်ရန်အတွက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို အဓိကအသုံးပြုရာ ဘဏ္ဍာနှစ်အလိုက် တိုးချဲ့စိုက်ပျိုးပြီး စုစုပေါင်းကော်ဖီဧက တစ်သိန်းထိ စိုက်ပျိုးထုတ် လုပ်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတွင် ပြည်တွင်းကုမ္ပဏီ ၄၅ ခုက ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၁၀,၀၀၀ ကျော် တင်ပို့ရောင်းချခဲ့

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတွင် ပြည်တွင်းကုမ္ပဏီ ၄၅ ခုက ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၁၀,၀၀၀ ကျော် တင်ပို့ရောင်းချခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ သတင်းများအရသိရသည်။ မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ လစဉ်တင်ပို့ရောင်းချပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလတွင် ပြည်တွင်းဆန်တင်ပို့သည့် ကုမ္ပဏီ ၄၅ ခုက ဆန်နှင့်ဆန်ကွဲ တင်ပို့ရောင်းချရာတွင် ဆန်တန်ချိန် ၄၂,၇၇၀ နှင့် ဆန်ကွဲ ၆၉,၀၉၂ တန် စုစုပေါင်းဆန်နှင့်ဆန်ကွဲ ၁၁၁,၈၆၂ တန် တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။


ထိုသို့ တင်ပို့ရောင်းချရာတွင် ဆန်ကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံ ၂၂ နိုင်ငံ၊ ဆန်ကွဲကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၁၃ နိုင်ငံသို့ တင်ပို့ရောင်းချပေးခဲ့ကြောင်းသိရသည်။ အဆိုပါဆန်နှင့်ဆန်ကွဲများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချခဲ့ရာ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက ဆန်နှင့်ဆန်ကွဲ ၁၁၁,၄၆၂ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက ဆန်နှင့်ဆန်ကွဲတန်ချိန် ၄၀၀ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ ၁၁၁,၈၆၂ တန် တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချခဲ့ရာတွင် စပိန်နိုင်ငံသို့ ဆန် ၁၀,၆၇၅ တန်ဖြင့် အများဆုံးတင်ပို့ရောင်းချခဲ့ပြီး ကင်မရွန်းနိုင်ငံသို့ ဆန်တန်ချိန် ၈၀၄၀ ဖြင့် ဒုတိယအများဆုံး၊ ပိုလန်နိုင်ငံသို့ ဆန် ၄၄၂၉ တန်ဖြင့် တတိယအများဆုံး၊ တိုဂိုနိုင်ငံသို့ ဆန်တန်ချိန် ၄၀၀၀ ဖြင့် စတုတ္ထအများဆုံးနှင့် မိုဇမ်ဘစ်နိုင်ငံသို့ ဆန် ၂၆၅၂ တန်ဖြင့် ပဉ္စမအများဆုံး တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

ထို့အတူဆန်ကွဲကို တရုတ်နိုင်ငံသို့ ၂၆,၅၃၂ တန်ဖြင့် အများဆုံးတင်ပို့ရောင်းချခဲ့ပြီး ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၄,၀၄၀ ဖြင့် ဒုတိယအများဆုံး၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၉၆၀ ဖြင့် တတိယအများဆုံး၊ ဘီနင်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၆၂၀ ဖြင့် စတုတ္ထအများဆုံး၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၅၀၀ ဖြင့် ပဉ္စမအများဆုံး တင်ပို့ရောင်းချခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပုစွန်အစုံပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ပုစွန်အစုံ ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး လုပ်ငန်းပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍သိရသည်။

လပွတ္တာမြို့နယ်ရှိ ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင်များသည် ဒေသမှထွက်ရှိသည့် ပုစွန်များဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် မတ်လ

အတွင်းက ပုစွန်အစုံပိသာချိန် ၇၀,၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့ထိ ပုစွန်အစုံပိသာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ဧပြီလအတွင်း ပုစွန်အစုံပိသာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်အများအပြား တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့ လုပ်ငန်းလုပ်ကိုင်သူတွေလဲ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာပါတယ်။ လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲ ရေထွက်ကုန်ပစ္စည်းတွေကို ကုန်တင်ကားတွေနဲ့ အများဆုံးတင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချရတာလဲ အခက်အခဲမရှိပါဘူး" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ခင်ခင်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်များ၏ တစ်ပိသာဈေးနှုန်းမှာ ပုစွန်ဘော့ချိတ် ငွေကျပ် ၁၆,၅၀၀ မှ ၁၈,၅၀၀၊ ပုစွန်ဆိတ်သေး ငွေကျပ် ၁၃,၅၀၀ မှ ၁၅,၅၀၀၊ ပုစွန်ဆိတ်ကြီး ငွေကျပ် ၁၅,၅၀၀ မှ ၁၆,၅၀၀၊ ပုစွန်တုပ် ငွေကျပ် ၂၉,၅၀၀ မှ ၃၂,၀၀၀ စသဖြင့် လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်လည်းရှိကြောင်း ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဒေါ်ခင်ခင်ထံမှ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဧည့်မထဆန်(ဟောင်း)နှင့် ဆန်ကွဲဈေးကျ၊ ဧည့်မထဆန်(သစ်) ဈေးအနည်းငယ်မြင့်တက်

ပဲခူးကုန်စည်ဒိုင်တွင် ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ၂၆.၄.၂၀၂၄ရက်နေ့တွင် ဧည့်မထဆန် (မနောသုခ)(ဟောင်း) တစ်အိတ်လျှင် ၉၀,၀၀၀ ကျပ်၊ ဧည့်မထဆန်(မနောသုခ) (သစ်) တစ်အိတ်လျှင် ၇၃,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ်လျှင် ၁၃၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ်လျှင် ၅၅,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ်လျှင် ၅၄,၀၀၀ ကျပ်နှင့် ဖွဲနု တစ်အိတ်လျှင် ၁၅,၃၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ၃.၅.၂၀၂၄ ရက်နေ့တွင် ဧည့်မထဆန်(မနောသုခ)(ဟောင်း) တစ်အိတ်လျှင် ၈၀,၀၀၀ ကျပ်၊ ဧည့်မထဆန် (မနောသုခ)(သစ်) တစ်အိတ်လျှင် ၇၅,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် တစ်အိတ်လျှင် ၁၃၀,၀၀၀ ကျပ်၊ ဆန်ကွဲB(1,2) တစ်အိတ်လျှင် ၅၃,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ်လျှင် ၅၁,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ်လျှင် ၁၅,၃၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူ နှိုင်းယှဉ်ချက်အရ ဧည့်မထဆန်(မနောသုခ)(ဟောင်း) တစ်အိတ်လျှင် ၁၀,၀၀၀ ကျပ်၊ ဆန်ကွဲB(1,2) တစ်အိတ်လျှင် ၂၀၀၀ ကျပ်နှင့် ဆန်ကွဲB(2,3,4) တစ်အိတ်လျှင် ၃၀၀၀ ကျပ်တို့ ဈေးကျဆင်းခဲ့ပြီး ဧည့်မထဆန်(မနောသုခ)(သစ်) တစ်အိတ်လျှင်၂၀၀၀ ကျပ် ဈေးမြင့်တက်ခဲ့ပါသည်။ ပေါ်ဆန်းမွှေးဆန်နှင့်ဖွဲနုဈေးအနေဖြင့် ဈေးတည်ငြိမ်လျက်ရှိသည်။

ဧည့်မထဆန်(မနောသုခ)(ဟောင်း)နှင့် ဆန်ကွဲဈေးကျဆင်းသွားခြင်းမှာ ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်း သွားခြင်းဖြစ်ပြီး ဧည့်မထဆန် (မနောသုခ) (သစ်) ဈေးမြင့်တက်သွားခြင်းမှာ ဝယ်လိုအားများလာခြင်းကြောင့် ဈေးမြင့်တက် သွားခြင်းဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံမှ သိရသည်။

**Source: ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/article/naypyitaw_06052024_1229

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၂၉-၄-၂၀၂၄ မှ ၄-၅-၂၀၂၄) အတွင်း ပဲနှင့်အခြား ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၁၅၆,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၄၃၁,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၀၇၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၂၅,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၄၅,၀၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီ ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၅၀၀၀ ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၄၅ လုံး (တန်ချိန် ၃၄၈၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop)

ကွန်တိန်နာ ၁ဝ လုံး (တန်ချိန် ၂၄ဝ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၉၅လုံး (တန်ချိန် ၂၂၈ဝ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅ဝ လုံး (တန်ချိန် ၁၂ဝဝ) ပိုမိုဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၁ဝ လုံး (တန်ချိန် ၂၄ဝ) ပိုမို ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရှောက်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရှောက်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရှောက် (သစ်) AC ကျပ် ၄၅ဝဝ၊ မြားနီ ကျပ် ၄ဝဝဝ၊ ပန်းတနော်ရှည် ကျပ် ၄ဝဝဝ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၀၅ဝဝ နှင့် မြစ်ဝပု ကျပ် ၁ဝ,၅ဝဝ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းတနော်ရှည် ကျပ် ၃ဝဝ ဈေးကျဆင်းခဲ့ပြီး ဆင်ဖြူကျွန်း ကျပ်၅ဝဝ နှင့် မြစ်ဝ(ပု) ကျပ် ၅ဝဝ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရှောက်ရှည်အိတ်ပေါင်း ၉၈ဝဝ (၁၉၆,ဝဝဝ ပိဿာ)နှင့် ရှောက်ပု အိတ်ပေါင်း ၁၄ဝဝ (၂၁,ဝဝဝ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရှောက်ရှည်အိတ်ပေါင်း ၈၅ဝဝ (၁၇ဝ,ဝဝဝ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း၁၂ဝဝ(၁၆,၅ဝဝ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရှောက်ရှည် အိတ်ပေါင်း ၁၃ဝဝ (၂၆,ဝဝဝ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း ၃ဝဝ( ၄၅ဝဝ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိ ရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၅ဝဝ၊ မန်ကျည်းအသား (သစ်) ကျပ် ၄၅ဝဝ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၃ဝဝ အသီး သီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၄၇ဝဝ၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၂ဝဝ၊ ပခုက္ကူကြမ်း ကျပ် ၄၆ဝဝ၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၅၈ဝဝ၊ ကြံသကာ ကျပ် ၃၁ဝဝ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၆ဝဝ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့် သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပဲဈေးကွက်အတွင်း ပို့ကုန်ပဲများဈေးကျနေပြီး ပြည်တွင်းသုံး ကုလားပဲများ ဈေးငြိမ်နေ



ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးငြိမ်နေပြီး လိုသလောက်သာဝယ်ယူနေသည့် ဈေးကွက်ဖြစ်နေသည့်အတွက် ဈေးအတက်အကျ အပြောင်းအလဲမရှိဘဲ အရောင်းအဝယ်ဖြစ်နေသည့် ဈေးကွက်ဖြစ်နေသည်။

ပို့ကုန်ပဲများ အိန္ဒိယနိုင်ငံ၏အဝယ်နှင့် သင်္ဘောတင်အခြေအနေများကြောင့် အရောင်းအဝယ်အေးနေခြင်းဖြစ်သည်။ မေလ (၂) ရက် ဈေးကွက်ဈေးအရ ပို့ကုန် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၂,ဝဝဝ၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၃၈၆,ဝဝဝ ပေါက်ဈေးဖြစ်လာပြီး ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၁၅၅,ဝဝဝ ပေါက်ဈေးဖြစ်နေကြောင်း သိရသည်။ ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးတည်ငြိမ်နေရာ မေလ (၂) ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၄၃,ဝဝဝ၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၅ဝ,ဝဝဝ၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၂၃,၅ဝဝ၊ 929 ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၃၅,ဝဝဝ အသီးသီးပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာလည်း လိုအပ်ချက်ရှိသလောက်သာ အဝယ်ရှိနေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၆၅,ဝဝဝ၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၄၅,ဝဝဝ၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၄ဝ,ဝဝဝ၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၇ဝ,ဝဝဝ၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၇ဝ,ဝဝဝ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆံ(မြင်းမူ) တစ်ပိဿာလျှင် ငွေကျပ် ၇၃ဝဝ ပေါက်ဈေး ရှိနေကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=157734

## တစ်လအတွင်း မြန်မာ့သတ္တုတွင်းထွက်ပစ္စည်း ပြည်ပတင်ပို့မှုမှ ကန်ဒေါ်လာ ၉ သန်းကျော်ရရှိထား

ယခု ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်စ ဧပြီလတွင် ပြည်ပနိုင်ငံများသို့ မြန်မာ့သတ္တုတွင်းထွက်ပစ္စည်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉ သန်းကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ထားသည့် ကုန်သွယ်မှုအချက်အလက်များအရ သိရသည်။

ပြီးခဲ့သည့်နှစ် အလားတူကာလတွင်လည်း အမေရိကန်ဒေါ်လာ ၉ သန်းကျော်ရရှိခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်တင်ပို့မှုမရှိဘဲ ပုဂ္ဂလိကတင်ပို့မှု တစ်ခုတည်းသာရှိကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည့် မြန်မာ့သတ္တုတွင်းထွက်ပစ္စည်းများမှာ ကျောက်စိမ်း၊ စိန်၊ ရွှေ၊ ပုလဲ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ကြေးနီ၊ ငွေ၊ ကျောက်မီးသွေး၊ သွပ်နှင့် အခြားတွင်းထွက်သတ္တုများပါဝင်ကြောင်း သိရသည်။

လက်ရှိတွင်လည်း နေပြည်တော်၌ (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မေ (၃) ရက်မှ (၁၂) ရက်အထိ ကျင်းပနေပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း (၄၀၀)၊ ကျောက်မျက်အတွဲပေါင်း (၁၆၀) နှင့် ကျောက်စိမ်းအတွဲပေါင်း (၄၅၅၀) တို့ကို ပြည်တွင်း ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=157866

## မန္တလေးကုန်စည်ဒိုင်တွင် ကုလားပဲစျေး ပြည်ပအဝယ်အေး၊ စျေးအေးနေ

မန္တလေးကုန်စည်ဒိုင် မေလပထမပတ်အတွင်း သဲတော၊ ဝမ်းတွင်း၊ ကူမဲ၊ ကျောက်ဆည်၊ ကန့်ဘလူ၊ တန့်ဆည်တို့ဘက်မှကုလားပဲအသစ်များ ဝင်ရောက်လျက်ရှိပြီး၊ အရောင်းအဝယ်အေး စျေးအေးနေကြောင်းသိရသည်။ စက်ပိုင်များက ပုံမှန်ဝယ်ယူလျက်ရှိသော်လည်း ပြည်ပတင်ပို့မှုအေး၍ စျေးအေးနေကြောင်း မန္တလေးကုန်စည်ဒိုင်စျေးကွက်မှသိရသည်။

ကုလားပဲဖြူကြီး (V-2) ၅၇ ဒသမ ၂၅ပိဿာဝင် တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ်၂၄၃,၀၀၀ မှ ၂၄၅,၀၀၀၊ ယခင်တစ်ပတ်ကျပ်၂၄၈,၀၀၀ မှ ၂၅၀,၀၀၀၊ ယခင်လကျပ်၂၄၀,၀၀၀ မှ ၂၄၂,၀၀၀ ဖြစ်ခဲ့ သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၀၀၀ မှ ၇၀၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ် ၁၀၀၀ မှ ၅၀၀၀ မြင့်တက်လာသည်။

ကုလားပဲဖြူကြီး(V-7) ၅၇ ဒသမ ၂၅ ပိဿာဝင် တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ်၂၅၀,၀၀၀၊ ယခင်တစ်ပတ်ကျပ်၂၅၅,၀၀၀ မှ ၂၇၀,၀၀၀၊ ယခင်လ ကျပ်၂၄၆,၀၀၀ မှ ၂၄၈,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀မှ ၂၀,၀၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ်၂၀၀၀ မှ ၄၀၀၀ မြင့်တက်လာသည်။

ကုလားပဲ(ထိုင်ဝမ်) ၅၆ ဒသမ ၂၅ပိဿာဝင် တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၂၅,၀၀၀ မှ ၂၂၈,၀၀၀၊ ယခင်တစ်ပတ်ကျပ် ၂၃၃,၀၀၀၊ ယခင်လ ကျပ် ၂၂၃,၀၀၀ မှ ၂၂၈,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၈၀၀၀ မှ ၉၅၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ်၂၀၀၀ မြင့်တက်လာသည်။

ကုလားပဲ(929) ၅၆ ဒသမ ၂၅ပိဿာဝင် တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၃၃,၀၀၀ မှ ၂၃၅,၀၀၀၊ ယခင်တစ်ပတ်တွင် ကျပ် ၂၃၈,၀၀၀ မှ ၂၄၀,၀၀၀၊ ယခင်လတွင် ကျပ် ၂၃၅,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀၊ ယခင်လထက် ကျပ် ၂၀၀၀ စျေးနိမ့်လာသည်။

Source: **မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/article/naypyitaw_06052024_1132

## ပူပြင်းသောရာသီဥတုနှင့် ရွေးကောက်ပွဲရာသီတွင် အိန္ဒိယနိုင်ငံ၏ သကြားဝယ်လိုအား မြင့်တက်လာ

ယခုနှစ် အိန္ဒိယနိုင်ငံ၏ သကြားစားသုံးမှုသည် အပူဆုံးသောနွေရာသီကာလဖြစ်ခြင်းနှင့် ရွေးကောက်ပွဲအတွက်လူသန်းပေါင်းများစွာ လှုပ်ရှားနေခြင်းတို့ကြောင့် ဝယ်လိုအား စံချိန်တင်မြင့်တက်နေသည်။ စားသုံးမှုမြင့်မားလာခြင်းကြောင့်ဒေသတွင်းစျေးနှုန်းများ မြင့်တက်လာပြီး သကြားထုတ်လုပ်သူများအတွက် အမြတ်အစွန်းများ များပြားလာသည်သာမကလယ်သမားများကို ကြံဖိုးအချိန်မီ ပေးချေနိုင်ခဲ့သည်။

အိန္ဒိယနိုင်ငံ၌ သကြားဝယ်လိုအားမြင့်တက်လာမှုသည် နွေရာသီကာလများဖြစ်သည့် မတ်လလယ်မှ ဇွန်လလယ်အတွင်း အအေးနှင့်ရေခဲမုန့်စားသုံးမှု မြင့်မားလာခြင်းကြောင့်ဖြစ်ပြီး ယခုနှစ်တွင် သကြားဝယ်လိုအားသည် ပျမ်းမျှထက် ကျော်လွန်နေကြောင်း သကြားထုတ်လုပ်သူတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ နေရာအတော်များများတွင် အမြင့်ဆုံးအပူချိန်သည် ၄၀ ဒီကရီစင်တီဂရိတ်ထက်မြင့်တက်လာပြီး ဧပြီလမှ ဇွန်လအတွင်း ပုံမှန်ထက် အပူလှိုင်းများ ပိုမိုကြုံတွေ့ရနိုင်သည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားပါသည်။ ပြင်းထန်သော နွေရာသီတွင် အိန္ဒိယနိုင်ငံသည် လူဦးရေတစ်ဘီလီယံနီးပါး မဲပေးခွင့်ရှိသည့် ကမ္ဘာ့အကြီးဆုံး ရွေးကောက်ပွဲကို ကျင်းပလျက်ရှိသည်။

ဧပြီလမှ ဇွန်လအတွင်း အိန္ဒိယနိုင်ငံ၏ သကြားစားသုံးမှုသည် တန်ချိန် ၇ ဒသမ ၅ သန်းရှိပြီး ယခင်နှစ်ထက် ၅ ရာခိုင်နှုန်း တိုးလာနိုင်ကြောင်း မွန်ဘိုင်းအခြေစိုက် ကမ္ဘာ့ကုန်သွယ်ရေးစောင့်ကြည့်အဖွဲ့က ပြောကြားခဲ့သည်။ ယခုနှစ်စားသုံးမှုသည် ပုံမှန်မဟုတ်ဘဲ ယာယီမြင့်တက်မှုသာဖြစ်ပြီး ဝယ်လိုအားသည်လည်း လာမည့်နှစ်တွင် ပုံမှန်ပြန်လည်ရောက်ရှိမည်ဟု အမျိုးသား သမဝါယမ သကြားစက်ရုံများ အဖွဲ့ချုပ် မန်နေဂျင်း ဒါရိုက်တာ Prakash Naiknavare က ပြောကြားခဲ့သည်။

ယခုအချိန်၌ သကြားလုပ်ငန်းသည် ပုံမှန်မဟုတ်သော ဝယ်လိုအားမြင့်တက်နေသောကြောင့် စုစုပေါင်းစားသုံးမှု မက်ထရစ်တန် ၂၉ သန်းအထိ စံချိန်တင်နိုင်သည်ဟု မျှော်လင့်ထားကြောင်းကို Naiknavare က ပြောကြားခဲ့သည်။ ၂၀၂၂-၂၀၂၃ နှစ်တွင် အိန္ဒိယနိုင်ငံ၏ သကြားစားသုံးမှုသည် တန်ချိန် ၂၇ ဒသမ ၈၅ သန်းရှိခဲ့ပါသည်။ နှစ်ပတ်အတွင်း ၃ ရာခိုင်နှုန်းနီးပါး ဝယ်လိုအားမြင့်တက်မှုကြောင့် သကြားဈေးတက်နေပြီး အစိုးရက ဧပြီလအတွက် သကြားကိုတာကို ယခင်နှစ်ကထက် ပိုမိုချထားပေးသော်လည်း စားသုံးသူအများစုထံမှ ဝယ်လိုအားမြင့်မားမှုကြောင့် ဈေးနှုန်းများမြင့်တက်နေဆဲဖြစ်ကြောင်း ဘုံဘေသကြားကုန်သည်များအသင်းဥက္ကဋ္ဌ Ashok Jain က ပြောကြားခဲ့သည်။


**Source:** https://economictimes.indiatimes.com

**WTO ဌာနခွဲ**

**ကုန်သွယ်ရေးဦးစီးဌာန**

https://www.commerce.gov.mm/my/article/update-news-international-rade/

## အိန္ဒိယဈေးကွက်၌ ကွမ်းသီးဈေးနှုန်းများ မြင့်တက်



အိန္ဒိယနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သူများလက်ဝယ်နှင့် ဈေးကွက်အတွင်း ကုန်လက်ကျန် ပြတ်လပ်မှုကြောင့် ကွမ်းသီး ဈေးနှုန်းများမှာ မြင့်တက်လျက်ရှိပြီး ကွမ်းသီးလုပ်ငန်း နယ်ပယ်၌ လုပ်ကိုင်နေကြသူများအနေဖြင့် မကြာသေးမီ နှစ်များတွင် ရာသီဥတုပြောင်းလဲမှုနှင့် ခြောက်သွေ့မှုတို့မှ ကုန်ထုတ်လုပ်မှုအပေါ် သက်ရောက်ခြင်းကို ကြုံတွေ့နေရကြောင်း သိရှိရသည်။

ကွမ်းသီးအနီမျိုး၏ ဈေးနှုန်းများမှာ တစ်လတာအတွင်း ၁၀ ရာခိုင်နှုန်းခန့်မြင့်တက်လာခဲ့ပြီး ဧပြီလ ၂၉ ရက်နေ့တွင် အဓိက ဈေးကွက်များဖြစ်သော Channagiri နှင့် Shivamogga တို့ရှိ ကုန်စည်အဝယ်ဒိုင်များ၌ Rashi ကွမ်းသီးအနီ ၁ ကီလိုဂရမ်၏ ဈေးနှုန်းသည် အမြင့်ဆုံးဈေးအဖြစ် ၅၃၆ ရူပီးနှုန်းဖြင့် ရောင်းဝယ်လျက်ရှိသည်။ မတ်လအတွင်း ၎င်းကွမ်းသီးမျိုး၏ အမြင့်ဆုံး ဈေးနှုန်းမှာ ၄၈၈ ရူပီးသာရှိခဲ့သည်။

ကွမ်းသီးစိုက်ပျိုးသူများသည် လွန်ခဲ့သော လအနည်းငယ်ခန့်ကပင် ၎င်းတို့၏ ထုတ်ကုန်ပမာဏ အများအပြားကို ဈေးကွက်အတွင်းသို့ ရောင်းချခဲ့ကြရာ ကွမ်းသီးအနီ ကုန်လက်ကျန်ပြတ်လပ်မှု ဖြစ်ပေါ်ခဲ့သည်။ လက်ရှိကာလတွင် နယ်မြေဒေသများစွာ၌ ရာသီဥတုခြောက်သွေ့မှုကို ကြုံတွေ့နေရသဖြင့် လာမည့်နေ့ရက်များတွင် ကွမ်းသီးထုတ်လုပ်မှုအပေါ် သက်ရောက်ထိခိုက်ဖွယ်ရှိသည်။ ကာနာတကာပြည်နယ်အတွင်း ကွမ်းသီးအနီမျိုးကို အဓိကစိုက်ပျိုးထုတ်လုပ်ရာ Davangere ခရိုင်၊ Channagiri မြို့ရှိ

Soolekere ရေကန်သည် ယခုနှစ်တွင် ခန်းခြောက်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါဒေသ၌ ကွမ်းသီးခြံများစွာသည် စိုက်ပျိုးရေလိုအပ်ချက်အတွက် ၎င်းရေကန်အပေါ် အမှီပြုနေရကြောင်း သိရသည်။

ကွမ်းသီးအဖြူမျိုး၏ ဈေးနှုန်းများမှာမူ တစ်လတာအတွင်း အနည်းငယ်မြင့်တက်ခဲ့ခြင်းမှအပ ဈေးနှုန်းတည်ငြိမ်မှုရှိခဲ့သည်။ လက်ရှိကာလ၌ ဈေးကွက်အတွင်း ကွမ်းသီးအဖြူအသစ်များအား ၁ ကီလိုဂရမ်လျှင် ရူပီး ၃၆၀ နှုန်းဖြင့်လည်းကောင်း၊ ကွမ်းသီးအဖြူ အဟောင်းများကို ရူပီး ၄၄၀ နှုန်းဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိသည်။ လွန်ခဲ့သော တစ်လတာကာလ၌ ကွမ်းသီးအဖြူအသစ်နှင့်အဟောင်းဈေးနှုန်းများမှာ ၁ ကီလိုဂရမ်လျှင် ၃၄၅ ရူပီးနှင့် ၄၁၅ ရူပီး အသီးသီးရှိခဲ့သည်။

ပြည်နယ်များစွာမှ သမဝါယမအသင်းများဖြင့် ဖွဲ့စည်းထားသော ကွမ်းသီးနှင့်ကိုကာ ပြုပြင်ထုတ်လုပ်မှုနှင့် ဈေးကွက်မြှင့်တင်ရေး ဗဟိုသမဝါယမလီမိတက် (Campco) သည် ၎င်း၏လုပ်ငန်းအတွက် လုပ်ငန်းအရင်းအမြစ်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရန်အတွက် မတ်လ ၂၆ ရက်နေ့မှ ဧပြီလ ၆ ရက်နေ့အထိ ကွမ်းသီးဝယ်ယူရေးလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့သည်။

ကာနာတကာပြည်နယ်၊ Puttur မြို့မှ ကွမ်းသီးတောင်သူတစ်ဦးဖြစ်သူ Venugopal P က ကွမ်းသီးအဖြူ ဈေးနှုန်းများအား ထိန်းကျောင်းရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်သော Campco သည် ဈေးကွက်အတွင်း ရက်သတ္တနှစ်ပတ်ခန့် ပါဝင်လုပ်ကိုင်ခြင်းမရှိသော်လည်း ကွမ်းသီးအဖြူဈေးကွက်မှာ တည်ငြိမ်မှုရှိနေခဲ့ကြောင်း၊ သို့ရာတွင် ဈေးနှုန်းများမှာ ကျဆင်းမှုမရှိကြောင်း ပြောဆိုခဲ့သည်။ ကွမ်းသီးအထွက်ကျဆင်းခြင်းက ဈေးကွက်၌ ကွမ်းသီးအဖြူ၏ဈေးနှုန်းကို အထောက်အပံ့ဖြစ်စေခဲ့သည်။

မကြာသေးမီနှစ်ကာလများအတွင်း ရာသီဥတုပြောင်းလဲမှုက ကွမ်းသီးစိုက်ပျိုးရာဒေသများ၌ ကုန်ထုတ်လုပ်မှုအပေါ် သက်ရောက်ခဲ့သည်ဟု အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကွမ်းသီးစိုက်ပျိုးသူများအသင်း၏ဥက္ကဋ္ဌ Mahesh Puchhappady က Hindu Business Line သတင်းဌာနသို့ ပြောကြားခဲ့သည်။ ယခုနှစ် ရာသီဥတုအခြေအနေနှင့်စပ်လျဉ်း၍ လက်ရှိကာလတွင် အချို့သော ကွမ်းသီး စိုက်ပျိုးရာဒေသများ၌ အပူချိန်သည် ၄၀ ဒီကရီဆဲလ်ဆီးယပ်၏ အထက်တွင်ရှိကြောင်း၊ ဤအခြေအနေသည် အသီးကင်းများကို ကြွေကျမှုဖြစ်ပေါ်စေပြီး စိုက်ပျိုးထုတ်လုပ်မှုအပေါ် ထိခိုက်စေကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ယခင်နှစ်တွင်လည်း ကွမ်းသီးအထွက်ပမာဏ ၃၅ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ရကြောင်းဖြင့် ၎င်းကပြောဆိုခဲ့သည်။

အထွေထွေရွေးကောက်ပွဲ ကျင်းပစဉ်ကာလအတွင်း တရားမဝင် ကွမ်းသီးတင်သွင်းမှုများကို တင်းကျပ်စွာ ထိန်းကျောင်းဆောင်ရွက်ခြင်းက ဈေးကွက်တည်ငြိမ်မှုကို အကူအညီဖြစ်စေခဲ့ပြီး ပြည်တွင်းဈေးကွက်၌ ကွမ်းသီးဈေးနှုန်းများကို မြင့်တက်စေခဲ့ကြောင်းဖြင့် Campco လီမိတက်၏ ဥက္ကဋ္ဌ A Kishore Kumar Kodgi က ပြောကြားခဲ့သည်။ အဆိုပါ လီမိတက်သည် ယခင်ကတည်း ကပင် တရားမဝင်ကွမ်းသီးတင်သွင်းမှုကို နည်းလမ်းပေါင်းစုံဖြင့် ထိန်းချုပ်ဆောင်ရွက်ရန် အစိုးရထံ ကြိမ်ဖန်များစွာ တင်ပြထားခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ကုန်စည်အား ပြုပြင်ထုတ်လုပ်မှုလုပ်ငန်းစဉ်အပေါ် အခြေခံလျက် ကွမ်းသီးကို အနီနှင့် အဖြူဟူ၍ အတန်းအစားနှစ်မျိုးခွဲခြားထားသည်။ ကွမ်းသီးအဖြူသည် ရင့်မှည့်သော အသီးအား နေလှန်း၍ အခွံချွတ် ပြုပြင်ထားခြင်းဖြစ်ပြီး ဈေးကွက်၌ ကွမ်းသီးအဖြူ အဟောင်းသည် အသစ်ထက် ဈေးနှုန်းပိုမို မြင့်မားလေ့ရှိသည်။ ကွမ်းသီးအနီမှာမူ ကွမ်းသီးအစိမ်းကို အခွံချွတ်ပြီး ပြုတ်၍ အခြောက်လှန်းခြင်းဖြင့် ထုတ်လုပ်ခြင်းဖြစ်သည်။ ကာနာတကာပြည်နယ်ရှိ ကမ်းရိုးတန်း ဒေသများနှင့် ကီရာလာပြည်နယ်ရှိ ဒေသအချို့မှ ကွမ်းသီးအဖြူကို ထုတ်လုပ်မှုရှိပြီး ကာနာတကာ ပြည်နယ်ရှိ Shivamogga, Davangere နှင့် Chitradurga ခရိုင်များတွင် ကွမ်းသီးအနီကို အဓိက ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

Source: The Hindu Business Line, 29 Apr 2024

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/19681

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၉-၄-၂၀၂၄ မှ ၄-၅-၂၀၂၄)ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြစ်သားမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက် ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၆၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၃၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၅၀၀၊ မင်းဘူးရှယ် ကျပ် ၂၅၀၀၊ မင်းဘူးလတ်ကြီး ကျပ် ၂၄၀၀၊ မင်းဘူးလတ်သန့် ကျပ် ၂၂၀၀ နှင့် မင်းဘူးလတ်ချော ကျပ် ၁၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀၊ဆိပ်ဖြူလတ်သန့် ကျပ် ၅၀၊ ဆိပ်ဖြူ လတ်ချော ကျပ် ၁၀၀၊မင်းဘူးရှယ် ကျပ် ၁၀၀၊ မင်းဘူးလတ်ကြီး ကျပ် ၅၀၊ မင်းဘူး လတ်သန့် ကျပ် ၅၀ နှင့် မင်းဘူးလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၆၀ စီး (၉၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၇၇ စီး (၁,၀၆၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၇ စီး(၁၀၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက် ခဲ့ကြောင်း သိရသည်။

### ကြက်သွန်ဖြူ


ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ် နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၃,၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၆၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၇၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၇၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀၊ အောင်ပန်းထူး-၃ ကျပ် ၂၀၀၊ အောင်ပန်းထူး-၄ ကျပ် ၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၆၁၀၀ (၁၈၃,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခု အပတ်တွင် ကြက်သွန်ဖြူ အိတ် ၆၅၀၀ (၁၉၅,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူ အိတ်ရေ ၄၀၀ (၁၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်၊ ဟဲဟိုးမြို့မှ အာလူးများ ဝင်ရောက်လျက်ရှိရာ အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ ဟဲဟိုး A1 ကျပ် ၁၄၀၀ ၊ ဟဲဟိုး OK ကျပ် ၁၈၀၀ ၊ ဟဲဟိုး S1 ကျပ် ၁၈၀၀၊ ဟဲဟိုး S2 ကျပ် ၁၄၀၀ ဈေးနှုန်းအသီးသီးခဲ့ဖြစ်သည်။ တစ်ပတ်အတွင်း ဟဲဟိုး OK ကျပ် ၂၀၀ ၊ ဟဲဟိုး S1 ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး၊ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင် ရောက်မှုမှာ ယခင်အပတ်က ကားအစီးရေ ၇၀ စီး (၄၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီး ရေ ၃၃ စီး (၁၉၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင်း ယခင်အပတ်ထက် ကားစီးရေ ၃၇ စီး (၂၂၂,၀၀၀ ပိဿာ)လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## STOCK EXCHANGE (6.5.2024)


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

**Stock trading data**

As of 3rd May, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,412 (Shares) | 35,558,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +100 | +1.14% | 8,800 | 8,900 | 8,800 | 13 | 114,900 | 33,109,694 | 294,676 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 5,700 | 16,247,500 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | -100 | -1.25% | 7,900 | 7,900 | 7,900 | 5 | 39,500 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +50 | +3.33% | 1,500 | 1,550 | 1,500 | 8,777 | 13,177,100 | 29,664,613 | 45,980 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 0 | 0 | 19,977,223 | 33,961 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 0 | 0 | 10,497,598 | 48,289 |
| MAEX | 00008 | 2,050 | -50 | -2.38% | 2,050 | 2,050 | 2,050 | 2,917 | 5,979,850 | 23,804,946 | 48,800 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 3rd May, 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 372.20 | +2.39 | +0.65% | 369.25 | 372.20 | 368.62 | 17,412 | 35,558,850 | 8 | 702,033 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 3rd, May 2024

| Trading Volume | Trading Value |
|---|---|
| 17,412 (Shares) | 35,558,850 (MMK) |

### Main Board

As of 1:00 pm, 3rd May, 2024

#### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,412 (Shares) | 35,558,850 (MMK) |

| MYANPIX | 372.20 ▲ 2.39 |
|---|---|
| Total Volume (shares) | 17,412 |
| Total Value (MMK) | 36 mil |
| Listed Company | 8 |
| Market Cap. (MMK) | 702,033 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,900 | ▼ 100 |
| FPB | 00004 | 1,550 | ▲ 50 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 2,050 | ▼ 50 |